dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ် ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"Will the Flood influence the Elections?"*

ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ "လက်ရှိရေဘေးဟာ လာမယ့်ရွေးကောက်ပွဲအပေါ် ဘယ်လိုသက်ရောက်မှုတွေ ရှိလာမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

မကြာခင်မှာ ကျင်းပတော့မယ့် ၂၀၁၅ ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံအတွက် အလားအလာကောင်း အများကြီးဖြစ်နိုင်တယ်လို့ အစောပိုင်းနိုင်ငံရေးခန့်မှန်းသူတွေ တွက်ဆမျှော်လင့်ထားခဲ့တဲ့ အချိန်ဖြစ် ပါတယ်။ မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ရွေးကောက်ပွဲကို လာမယ့်နိုဝင်ဘာ လဆန်း ပိုင်းမှာ ကျင်းပသွားဖို့ထုတ်ပြန်ထားပြီးလည်းဖြစ်ပါတယ်။

လက်ရှိမှာတော့ မြန်မာနိုင်ငံတွင်းမှာ ပြီးခဲ့တဲ့ဇူလိုင်လလယ်ပိုင်းခန့်မှာ ဆိုင်ကလိုင်းမုန်တိုင်းကိုမာန်ရဲ့ အဖျားခတ်ခံရမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာကနေ မြန်မာနိုင်တစ်ဝန်းရေကြီးရေလျှံမှုတွေကို ခံစားခဲ့ရ ပါတယ်။ အဆိုပါရေကြီးရေလျှံမှုတွေကြောင့် ဩဂုတ်လ ၁၂ ရက်နေ့အထိ ထုတ်ပြန်ထားတဲ့ စာရင်း များအရ သေဆုံးသူ ၁၀၃ ဦး ရှိခဲ့ပြီး ရေဘေးသင့်သူပေါင်း ၁ သန်းကျော်(၁၂၈၁၉၃၇ ဦး) ရှိနေပြီ ဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါ ရေကြီးရေလျှံမှုတွေဟာ မြန်မာနိုင်ငံရဲ့ တိုင်းနဲ့ပြည်နယ် ၁၄ ခုရှိတဲ့အနက် ၁၁ ခုမှာဖြစ်ပွားခဲ့ ပါတယ်။ ဩဂုတ်လ ဒုတိယပတ်ထဲမှာ ရေပြန်ကျသွားမှုတွေ ရှိနေပေမယ့် ရေဘေးဒဏ်ခံစားခဲ့ရတဲ့ တိုင်း ဒေသတွေမှာတော့ ရေဘေးကြောင့် ဖြစ်ပေါ်လာတဲ့ ဒုက္ခတွေဖြစ်ပေါ်နေတုန်းရှိပါသေးတယ်။ လက်ရှိမှာ ပျက်စီးသွားတဲ့ လယ်မြေဧကတွေဟာ သိန်းနဲ့ချီပြီးရှိတယ်လို့လည်းသိရပါတယ်။ ဒ့ါအပြင် သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသအဖြစ် သတ်မှတ်ခံရတဲ့အထဲမှာပါဝင်တဲ့ ချင်းပြည်နယ် ဟာ လက်ရှိမှာ တောင်ပြိုကျမှုနဲ့မြေသား ပြိုကျမှုတွေကြောင့် အထင်ကရမြို့တော်တစ်ခုဖြစ်တဲ့ ဟားခါးမြို့တော်ဟာ ပြောင်းရွှေ့ရတော့မယ့် အနေအထား ကိုရောက်ရှိနေပြီ ဖြစ်တယ်လို့ ချင်းပြည် နယ်အစိုးရက ပြောကြားလိုက်ပါပြီ။ ရပ်ကွက်၆ခု ရှိတဲ့ မြို့တော်မှာ ၅ခု ကအန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားရတယ်လို့ဆိုပါတယ်။ လက်ရှိမှာလည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲ ဖြစ်ပေါ်နေပြီး စားနပ်ရိက္ခာပြတ်လပ်မှုတွေပါ ကြုံတွေ့နေရတယ်လို့လည်း သိရပါတယ်။

အခုအချိန်မှာ မြန်မာပြည်အထက်ပိုင်းရဲ့ရေကြီးရေလျှံမှုတွေ ပြန်လည်ကျဆင်းသွားခဲ့ပြီဖြစ်ပေမယ့် မြန်မာပြည်အောက်ပိုင်းတစ်ခွင်က စိုးရိမ်ရတဲ့အခြေအနေကို ရောက်ရှိသွားခဲ့ပါတယ်။ လက်ရှိမှာလည်း မြန်မာနိုင်ငံရဲ့မြစ်ကြီးတွေဟာ စိုးရိမ်ရေမှတ်မှာ တည်ရှိနေဆဲလို့ နေ့စဉ်ထုတ် ပြန်ချက် သတင်းများအရ သိရပါတယ်။ ဒ့ါအပြင် မိုးလေဝသပညာရှင် ဦးထွန်းလွင်ကလည်း နောက်ထပ်အားကောင်းတဲ့ မုတ်သုန်မိုးတွေဟာ စက်တင်ဘာလနဲ့ အောက်တိုဘာလတွေမှာ ထပ်မံဖြစ်ပေါ်လာဖို့ရှိနေသေးတယ်လို့ ဆိုထားပါတယ်။

ကျင်းပဖို့ ရက်ပေါင်း ၈၀ကျော်မျှသာလိုတော့တဲ့ ရွေးကောက်ပွဲဟာ လက်ရှိဖြစ်ပေါ်နေတဲ့ ရေဘေးကိစ္စရပ်တွေကြောင့် နှောင့်နှေးသွားစေမလားလို့ မေးခွန်းထုတ်လာသူများရှိနေခဲ့ သော်လည်း အချိန်အကန့်အသတ်များရှိနေခြင်းကြောင့် ရွှေ့ဆိုင်းနိုင်မည်မဟုတ်ဟု သုံးသပ်သူ များကလည်း ရှိနေသည်။ ထို့အပြင် သမ္မတကြီးက ဘေးဒုက္ခကြုံတွေ့နေရသူတို့ကို မူလအနေ အထားသို့ အမြန်ဆုံး ရောက်ရှိစေရန် အသင့်ပြင်ဆင်ထား ပြီးဖြစ်ကြောင်း ပြောကြားထားသကဲ့သို့ ရွေးကောက်ပွဲ ကော်မရှင်ကလည်း နိုဝင်ဘာ ၈ရက်နေ့မှာ ပြုလုပ်မယ့်ရွေးကောက်ပွဲကို သတ်မှတ်ရက်အတိုင်းကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်တွင် အဆိုပါအကြောင်းအရာတို့နှင့် ပတ်သက်ပြီး လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ကြမည့် နိုင်ငံရေးပါတီများက ဆွေးနွေးကြမည်ဖြစ်သည်။

## သူတို့အမြင်

"ရေဘေးဒုက္ခရောက်နေတဲ့ပြည်သူတွေအဖို့ကတော့ သူတို့ရဲ့စားဝတ်နေရေး၊ ပြည်သူအရေး၊ နေရေးထိုင်ရေးအတွက် ပူပင်သောက ရောက်နေမှာပဲ။ ရေဘေးသင့်နေတဲ့ဒေသမှာရှိတဲ့ပြည်သူ တိုင်းနဲ့ပြည်နယ် ၁၄ ခုမှာ ၁၂ လောက်က ဖြစ်နေတာကိုး။ ရွေးကောက်ပွဲမဲထည့်ဖို့ ကိစ္စရော၊ မဲစာရင်းကြည့်ဖို့ကိစ္စရော ဘယ်လိုမှ သူတို့ခေါင်းထဲမထည့်နိုင်ဘူး။ ဒါကိုလည်း အရှိတရားအရ ကျနော်တို့ကလက်ခံရမှာပဲ။ သို့သော် ..... ရက်ပေါင်း ၉၀ လောက်ကျန်တဲ့အချိန်မှာ ရွေးကောက်ပွဲကို တနိုင်ငံလုံးအတိုင်းအတာနဲ့ တာဝန်ယူကျင်းပနိုင်ဖို့၊ ပြည်သူတွေလည်း ရွေးကောက်ပွဲမှာ စိတ်ဝင်တစားနဲ့ပါဝင်လာဖို့အတွက်ကိုလည်း ကျနော်တို့ အတတ်နိုင်ဆုံး လုပ်ဆောင်ရမယ်လို့ ယူဆတယ်လေ။"

**ဦးမင်းဇေယျ** - ၈၈ မျိုးဆက်ပွင့်လင်း လူ့အဖွဲ့ အစည်း

"နိုဝင်ဘာလဆိုတော့ နည်းနည်းတော့ လိုတော့ လိုသေးတာပေ့ါ။ ဒီအချိန်အတွင်းမှာတော့ အဆင်သင့်ဖြစ်မယ်လို့တော့ ထင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ရေကြီးတယ်ဆိုတာ ကလေးတို့၊ .....လွဲလို့ရှိရင် တော်တော်များများက ရေလွှမ်းသွားတာပဲရှိတယ်၊ ပြီးတဲ့အခါကျတော့ လူတွေ၊ အိုးအိမ်တွေ အဲလောက်ကြီး အကြီးအကျယ် ထိခိုက်ပျက်စီးသွားတာမျိုးတော့ မရှိဘူးပေ့ါနော်။ အဓိကပျက်စီးသွားတာ လယ်ယာမြေတွေတို့၊ ပြီးတော့ သူတို့ရဲ့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေပေ့ါနော်။ အိုးအိမ်တွေ ပျက်စီးသွားတာ မရှိတဲ့အတွက်ကြောင့် ရွေးကောက်ပွဲကို ထိခိုက်လိမ့်မယ်လို့တော့ မထင်ဘူးပေ့ါ။"

**ကိုစိုးဇေယျထွန်း** - ခတ်ပုံသတင်းထောက်

"လိုအပ်ရင်လည်း ဖြည့်စွက်ရန်ပုံငွေအဖြစ် ထပ်ပြီးတင်ပြလို့ရတယ်၊ သဘာဝဘေး အတွက်က အကန့်အသတ် မထားဘူး၊ ဘတ်ဂျက် မလုံလောက်မှာ ပူပင်စရာ မလိုဘူး"

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူ တဦး**

*Information links:*

**www.burma.irrawaddy.org**

[www.burmese.voanews.com](http://www.burmese.voanews.com)

[www.dvbdebate.net](http://www.dvbdebate.net)

[www.Burmese.dvb.no](http://www.Burmese.dvb.no)

[https://www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA](https://www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA)